**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the Post Election (052/2011)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၅၂/၂၀၁၁)

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့မှ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့အထိ

## နအဖ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

### အုပ်ချုပ်ရေးအာဏာပိုင်အဆင့်ဆင့်

- နအဖ စစ်ကွပ်ကဲရေးဌာနချုပ်–စကခ (၈)လက်အောက်ခံ တပ်ရင်း ၇ရင်းနှင့် စကခ(၄) လက်အောက်ခံ တပ်ရင်း ၇ ရင်းတို့သည် ရာနှင့် ချီသောအကျဉ်းသားများနှင့်အတူ ဇန်နဝါရီလ ၈ရက်နေ့မှစ၍ ကရင်အမျိုးသားအစည်းအရုံး **(KNU)** ထိန်းချုပ်နယ်မြေ တောင်ငူ ခရိုင်အတွင်းသို့ ဝင်ရောက်လှုပ်ရှားလာသည်ဟု တောင်ငူနယ်ခံတစ်ဦးက ပြောသည်။ **(KIC 180111)** Read More...
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့သည့် လွှတ်တော် ၃ ရပ်ရှိ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်စာရင်းတွင် စစ်ဗိုလ်ချုပ်ဟာမျိုး ၁၀ ဦးပါဝင်နေသည်။ **(DVB 220111)** Read More...

### ရွေးကောက်ပွဲကော်မရှင်

- ဇန်နဝါရီလ ၂၁ ရက်နေ့ထုတ် စစ်အစိုးရသတင်းစာများ၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်လွှတ်တော်များအတွက် စစ်တပ်ကိုယ်စားလှယ် စုစုပေါင်း ၃၈၈ ဦး၏ အမည်စာရင်းအား ကာကွယ် ရေးဦးစီးချုပ် က ခန့်အပ်ကြောင်း ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဌ မှ လက်မှတ်ထိုးကာ ထုတ်ပြန်ကြေညာလိုက်သည်။ **(Irrawaddy 210111)** Read More...



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, simply open the document you want to convert, click "print", select the "Broadgun pdfMachine printer" and that's it! Get yours now!

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- ရခိုင်ပြည်နယ် အကျဉ်းထောင်များတွင် အကျဉ်းကျနေသည့် အစ္စလာမ်ဘာသာဝင် အကျဉ်းသားများ၏ မိသားစုဝင်များ အနေဖြင့် ထောင်ဝင်စာသွားတွေ့ရန် အခက်အခဲဖြစ်နေမှုကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က ကူညီဆောင်ရွက်ပေးရန် စီစဉ်နေကြောင်း ပါတီ ဒုတိယ ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ **(RFA 160111)** Read More...
- မြန်မာစစ်အစိုးရ ခေါင်းဆောင်များနှင့် ၎င်းတို့၏ အပေါင်းအပါများကို ပစ်မှတ်ထား ပိတ်ဆို့မှု ဆက်လက် ဆောင်ရွက် ရန် ထောက်ခံသော်လည်း စီးပွားရေးနှင့် သက်ဆိုင်သည့် အခြားပိတ်ဆို့မှုများ ရုပ်သိမ်းရေးအတွက် တောင်းဆိုရန် ပြန်လည် စဉ်းစားနေသည်ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က ပြောသည်။ **(Irrawaddy 170111)** Read More...
- အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် **NLD** နိုင်ငံရေးအကျဉ်းသားများ ကူညီနိုင်ရေး အစီအစဉ်မှ နိုင်ငံရေးအကျဉ်းသား ၂၅၀ ကျော်အတွက် စေတနာ့ဝန်ထမ်းများ လိုနေသေးကြောင်း ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က ပြောသည်။ **(Mizzima 170111)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** တရားဝင်ဆက်လက်ရပ်တည်ခွင့်ရရေး အထူးအယူခံတင်ထားသည့်ကိစ္စကို ဇန်နဝါရီလ ၂၄ ရက်နေ့တွင် လျှောက်လဲချက်ပေးမည်ဟု ပါတီပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောသည်။ **(DVB 170111)** Read More...
- နိုင်ငံအချို့မှ မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့အရေးယူထားမှုများကို ပြန်လည်ရုပ်သိမ်းပေးရန် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများတောင်းဆို လိုက်သည့်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က အာဆီယံခေါင်း ဆောင်များအနေဖြင့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် မြန်မာစစ်အစိုးရကို တိုက်တွန်းသင့်ကြောင်း ပြောကြားလိုက်သည်။ **(BBC 170111)** Read More...
- ရန်ကုန်တိုင်း တာမွေမြို့တွင် ဇန်နဝါရီလ ၁၈ ရက်နေ့က ပြုလုပ်သည့် ခရမ်းလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ကွယ်လွန်ခြင်း နှစ် (၂၀) ပြည့် အထိမ်းအမှတ်ပွဲသို့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဦးတင်ဦးနှင့် ဦးဝင်းတင်တို့ တက်ရောက်ခဲ့ကြပြီး ဒေါ်အောင်ဆန်းစုကြည်က ဒေသခံပြည်သူများကို သတ္တိရှိကြရန် အားပေးစကား ပြောကြားခဲ့သည်။ **(DVB 180111)** Read More..., RFA...
- ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာခြင်းကို ထောင်ဒဏ် ၆၅ နှစ် ကျခံနေရသည့် ၈၈ မျိုးဆက် ကျောင်းသားခေါင်း ဆောင် ကိုမင်းကိုနိုင်က ကြိုဆိုကြောင်း ပြောဆိုလိုက်သည်ဟု မကြာသေးမီက သွားရောက်တွေ့ဆုံခဲ့သည့် မိသားစုဝင်က ပြောသည်။ **(Irrawaddy 190111)** Read More...
- ပြည်သူ့ စစ်မှုထမ်း ဥပဒေသည် အများပြည်သူနှင့် တိုက်ရိုက်သက်ဆိုင်သည့် ဥပဒေ ဖြစ်သောကြောင့် ပြည်သူလူထု၏ သဘောထား ဆန္ဒကို ခံယူပြီးမှ ချမှတ်သင့်သည့် ဥပဒေတစ်ရပ်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ **(RFA 190111)** Read More..., VOA...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ဇန်နဝါရီလ ၂၁ ရက်နေ့က ထိုင်း နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကဆစ်ဖိရှမ်းနှင့် ရန်ကုန်မြို့ ထိုင်းသံရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး တွေ့ဆုံဆွေးနွေး မှုအသေး စိတ်ကို ဒေါ်အောင်ဆန်းစုကြည် ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း **NLD** ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင် က ပြောသည်။ **(Irrawaddy 210111)** Read More...
- ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးရန် ဂျပန်နိုင်ငံ တိုကျိုု မြန်မာသံရုံးရှေ့တွင် မြန်မာ့အရေးလှုပ်ရှားတက်ကြွသူ ၁၀၀ ကျော်က ဇန်နဝါရီလ ၂၁ ရက်နေ့က ဆန္ဒပြတောင်း ဆိုခဲ့ကြသည်။ **(DVB 210111)** Read More...
- မြန်မာစစ်အစိုးရက စိတ်ကြိုက် ရွေးချယ်ခန့်အပ်ထားသည် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များသည် စစ်တပ် ကလာသည့်အတွက်ကြောင့် အထက်ကညွှန်ကြားသည့်အတိုင်း လိုက်လုပ်ကြမည့် ကိုယ်စားလှယ်များသာဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဒု–ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ **(VOA 210111)** Read More...



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, simply open the document you want to convert, click "print", select the "Broadgun pdfMachine printer" and that's it! Get yours now!

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** တရားဝင် ဆက်လက် ရပ်တည်ခွင့်နှင့်ပတ်သက်၍ အထူးအယူခံ လက်ခံရေး လျှောက်လဲချက်ကို ဇန်နဝါရီလ ၂၄ ရက်နေ့တွင် နေပြည်တော်ကို တင်သွင်းရန်ရှိကြောင်း **NLD** ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ **(RFA 220111)** **Read More...**

## (ခ) နယ်စပ်အခြေစိုက်အဖွဲ့အစည်းများ

- အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသားများကို စိတ်ကြွဆေးများ တိုက်ကျွေးခြင်း၊ တိုးပေးနေခြင်းစသည် တို့အပေါ် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း **AAPP** က နအဖစစ်အစိုးရကို သတိပေးပြောဆို လိုက်သည်။ **(DVB 220111)** **Read More...**

## (ဂ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ရခိုင်ပြည်လွတ်မြောက်ရေးပါတီ၏ တတိယအကြိမ် ညီလာခံ ပထမအကြိမ်နှစ်ပတ်လည်အစည်းအဝေးကို ဘင်္ဂလား ဒေ့ရှ်– မြန်မာနယ်စပ်တစ်နေရာတွင်ဇန်နဝါရီလ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ ကျင်းပခဲ့ရာ လက်နက်ကိုင်လမ်းစဉ်ဖြင့် ဆက်လက် တော်လှန်ရေးဆင်နွှဲရန်အပါအဝင် ရခိုင်ပြည်နယ်အတွင်း နအဖမှ လမ်းဖောက်လုပ်ခြင်းကြောင့် ပျက်စီးသွားသည့် ရှေး ဟောင်းအမွေအနှစ်များနှင့် နအဖ ၂၀၁၀ ရွေးကောက်ပွဲရလဒ်ကို လက်မခံကြောင်း စသည်တို့ကို ဆွေးနွေးခဲ့သည်ဟု **ALP** ဒု–ဥက္ကဋ္ဌ ဗိုလ်မှူးခိုင်မျိုးမင်းက ပြောသည်။ **(DVB 160111)** **Read More...**
- ထိုင်း–မြန်မာနယ်စပ် ကရင်ပြည်နယ် အတွင်း တပတ်ကျော်ကြာ ပြင်းထန်စွာ ဖြစ်ပွားနေသော တိုက်ပွဲများတွင် နအဖ တပ်များက လက်နက်ကြီးများကို အသုံးပြု၍ ဆက်လက် ပစ်ခတ်နေကြောင်း တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော်**(DKBA)** တပ်မဟာ ၅ နှင့် ကရင် အမျိုးသား အစည်းအရုံး **(KNU)** တပ်ဖွဲ့ဝင်များက ပြောသည်။ **(Irrawaddy 170111)** **Read More...**
- ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်တွင် သံလွင်မြစ်အတွင်း နအဖစစ်သား ၁၀ဦး ပါလာသည့် စက်လှေကို ဇန်ဝါရီ လ ၁၆ ရက်နေ့က ကေအဲန်ယူ တပ်မဟာ(၅)တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့သဖြင့် စက်လှေတိမ်းမှောက်ကာ နအဖတပ်သား အားလုံး သေကြေပျောက်ဆုံးသွားခဲ့ကြောင်း **KNU** တပ်မဟာ(၅) ရုံးထိုင်မှူး ဗိုလ်မှူးစောကလယ်ဒို့က ပြောသည်။ **(KIC 180111)** **Read More...**

## အပစ်ရပ်အဖွဲ့အစည်းများ

## နယ်ခြားစောင့်တပ်အသွင်မပြောင်းသည့်အဖွဲ့များ

- သျှမ်းပြည်အရှေ့ပိုင်း မိုင်းလားတပ်ဖွဲ့ **NDAA** နှင့် ဝ ပြည် သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ **UWSA** တို့၏ကားများဖြစ်သော **SR4** /–––– ၊ **SW** / ––––၊ **NW** /–––– တို့ကို တြိဂံတိုင်းမှူးက နအဖ ထိန်းချုပ်နယ်မြေအတွင်း သွားလာ လုပ်ရှားခွင့်ပိတ်ပင်ခြင်း၊ လက်နက်ခဲယမ်းမီး ကျောက်သယ် ဆောင်သွားလာခွင့်ပိတ်ပင် ခြင်း၊ စစ်ဝတ်စုံဖြင့် သွားလာလှုပ် ရှားခွင့်ပိတ်ပင်ခြင်း၊ ယာဉ်ကြီး/ ငယ်ကားများဖြတ်သန်း သွားလာခွင့်ပိတ်ပင်ထားကြောင်း အမည်မဖော်လို သည့် မြောက်ပိုင်း ဝ အရာရှိငယ်တစ်ဦးက ပြောသည်။ **(S.H.A.N 170111)** **Read More...**
- မြန်မာစစ်အစိုးရ၏ စစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်းချက်သည် လက်ခံနိုင်သည့် ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်မဟုတ် သကဲ့သို့ ဥပဒေနှင့် ကိုက်ညီမှုမရှိဟုမွန်ပြည်သစ်ပါတီ အထွေထွေအတွင်းရေးမှူး နိုင်ဟံသာက ပြောသည်။ **(IMNA 180111)** **Read More...**

## နယ်ခြားစောင့်တပ် (သို့) ပြည်သူ့စစ်အသွင်ပြောင်းပြီးသည့်အဖွဲ့များ



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, simply open the document you want to convert, click "print", select the "Broadgun pdfMachine printer" and that's it! Get yours now!

- တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** မှ နယ်ခြားစောင့်တပ်အဖြင့် အသွင်ကူးပြောင်းခဲ့သော တပ်ရင်းအမှတ် (၉၉၉) အထူးဗျူဟာ လက်အောက်ခံ တပ်ရင်း (၅) မှ တပ်ရင်းမှူး ဗိုလ်မှူးစောဖိုးကီသည် ဇန်နဝါရီလ ၁၈ ရက်နေ့က ကရင်အမျိုးသားအစည်းအရုံး **KNU** ထံ ပြန်လည်ပူးပေါင်းခဲ့သည်။ **(DVB 180111)** Read More...
- **KNU** တပ်မဟာ(၇)နယ်မြေအတွင်း လှုပ်ရှားနေသည့် နယ်ခြားစောင့်တပ်-**BGF** (၁၀၁၈)တပ်ရင်းမှ ဒုတပ်ကြပ်ဖြစ်သူ စောသောင်းထွန်းကျော်နှင့် တပ်သားဖြစ်သူ စောအောင်စိုးမင်းတို့သည် **AR** သေနတ် ၂လက်၊ မဂ္ဂစင်း ၆ချပ်၊ ကျည်တောင့် ၂၀၀ နှင့်အတူ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် နယ်မြေခံ **KNLA** တပ်ဖွဲ့ထံ လာရောက်ပူးပေါင်းခဲ့သည်။ **(KIC 210111)** Read More...

## နိုင်ငံရေးပါတီများ

### ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်ပါတီများ

- ရခိုင်ပြည်လွတ်မြောက်ရေးပါတီ၏ တတိယအကြိမ် ညီလာခံ ပထမအကြိမ်နှစ်ပတ်လည်အစည်းအဝေးကို ဘင်္ဂလား ဒေ့ရှ်–မြန်မာနယ်စပ်တစ်နေရာတွင်ဇန်နဝါရီလ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ ကျင်းပခဲ့ရာ လက်နက်ကိုင်လမ်းစဉ်ဖြင့် ဆက်လက်တော်လှန်ရေးဆင်နွှဲရန်အပါအဝင် ရခိုင်ပြည်နယ်အတွင်း နအဖမှ လမ်းဖောက်လုပ်ခြင်းကြောင့် ပျက်စီးသွားသည့် ရှေးဟောင်းအမွေအနှစ်များနှင့် နအဖ ၂၀၁၀ ရွေးကောက်ပွဲရလဒ်ကို လက်မခံကြောင်း စသည်တို့ကို ဆွေးနွေးခဲ့သည်ဟု **ALP** ဒု–ဥက္ကဌ ဗိုလ်မှူးခိုင်မျိုးမင်းက ပြောသည်။ **(DVB 160111)** Read More...
- တိုင်းရင်းသား ဒေသများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသဖြင့် နိုင်ငံတကာက မြန်မာစစ် အစိုးရ အပေါ် စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်မှုကို ရုတ်သိမ်းပေးရန် ရွေးကောက်ပွဲဝင် ရှမ်း၊ ရခိုင်၊ မွန်၊ ချင်းနှင့် ဖလုံ–စဝေါ် စသည့် တိုင်းရင်းသားပါတီတို့က တောင်းဆိုလိုက်သည်။ **(Mizzima 170111)** Read More...
- နိုင်ငံရေးအကျဉ်းသား ၂၂၀၀ နီးပါးလွတ်မြောက်ရေးအတွက် အစိုးရသစ်အနေဖြင့် လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်ပေးရန် ဇန်နဝါရီလ ၃၁ ရက်နေ့တွင်ကျင်းပမည့် လွှတ်တော် အစည်းအဝေးတွင် ပထမဦးစားပေးအနေဖြင့် တင်ပြသွားမည်ဟု အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ၏ **(NDF)** လွှတ်တော်ရေးရာကော်မတီဝင် ဦးခင်မောင်ဆွေက ပြောသည်။ **(Mizzima 180111)** Read More...
- လွှတ်တော်ခေါ်ရန် နီးကပ်လာသော်လည်း လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေ စာအုပ်များ ဝယ်မရသေးသည့် ပါတီများ ရှိနေဆဲဖြစ်သည်ဟု ကယန်းအမျိုးသားပါတီ **KNP** ဥက္ကဌ ဦးယုဂျင်းကပြောသည်။ **(Mizzima 180111)** Read More...
- ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ **(KSDDP)** ၏ မြဝတီမြို့နယ်မြောက်ပိုင်း စည်းရုံးမှူးတစ်ဦးဖြစ်သူ စောဖိုးကလိသည် ပါတီတွင် မလုပ်ကိုင်လိုတော့သည့်အတွက် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် **KNU** တပ်မဟာ (၇)ထံ ထွက်ပြေးရောက်ရှိလာခဲ့သည်။ **(KIC 180111)** Read More...
- လာမည့်ပါလီမန်တွင် ဒု–သမ္မတ တစ်နေရာအား တိုင်းရင်းသားများထဲမှ ရွေးချယ်ပေးရန် တောင်းဆိုချက်ကို တစည ပါတီအနေဖြင့် အပြည့်အဝ ထောက်ခံကြောင်း တိုင်းရင်းသားစည်းလုံးညီညွှန့်ရေးပါတီ **(NUP)** ပြောခွင့်ရပုဂ္ဂိုလ် ဦးဟန်ရွှေ က ပြောသည်။ **(DVB 180111)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူ့ဘက်တော်သား လွှတ်တော်ကိုယ်စားလှယ်များအဖြစ် မှန်မှန်ကန်ကန်ရပ်တည်ပေးရန် တောင်ဂူထောင်မှ နိုင်ငံရေးအကျဉ်းသားများက တောင်းဆိုလိုက်သည်။ **(DVB 180111)** Read More...
- ၂၂ နှစ်အတွင်း ပထမဆုံးအကြိမ် ခေါ်ယူမည့် လွှတ်တော်သို့ တက်ရောက်ကြရမည်ဖြစ်သော ကိုယ်စားလှယ်များ အတွက် ကြိုတင် ကန့်သတ်ချက် စည်းကမ်းများ ချမှတ်ထားကြောင်း ဒီမိုကရက်တစ်ပါတီ (မြန်မာ) ၏ ဥက္ကဌ ဦးသုဝေက ဆိုသည်။ **(Irrawaddy 190111)** Read More...



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, simply open the document you want to convert, click "print", select the "Broadgun pdfMachine printer" and that's it! Get yours now!

- စစ်ခေါင်းဆောင်များကို ပစ်မှတ်ထား ပိတ်ဆို့မှုမှလွဲ၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ဒဏ်ခတ်ပိတ်ဆို့ရေးသည် ပြည် သူကို ထိခိုက်စေသဖြင့် ရုပ်သိမ်းသင့်ကြောင်း အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ **NDF** ခေါင်းဆောင်တစ် ဦးဖြစ်သူ ဦးခင်မောင်ဆွေက ပြောဆိုလိုက်သည်။ **(Mizzima 190111)** **Read More...**
- ကချင်ပြည် ဖားကန့်မြို့နယ် အနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြံ့ဖွံ့ပါတီမှ ဦးအုန်းမြင့်ကို ပြိုင်ဘက် **NDF** အမတ်လောင်း ဒေါ်ဘောက်ဂျာက မဲမသမာမှုများဖြင့် ဇန်ဝါရီလ ၇ ရက်နေ့က ကန့်ကွက်စာ တင်ခဲ့သည်ကိုလာမည့် ၂၆ ရက် ပြည်ထောင်စု ကော်မရှင် ခုံရုံးအဖွဲ့ ၁၅ တွင် ရက်ချိန်းပေးထားသည်ဟု ဒေါ်ဘောက်ဂျာက ပြောသည်။ **(Mizzima 190111)** **Read More...**
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** မှ တရားစွဲဆိုထားသော အမျိုးသားဒီမိုကရေစီအင်အားစု **NDF** လွှတ်တော်ကိုယ်စားလှယ်အမတ်တစ်ဦးဖြစ်သူ ဒေါက်တာ မြတ်ဉာဏစိုးက ရွေးကောက်ပွဲကော်မရှင် ခုံရုံးမှတရားမျှတစွာ တရားစီရင်နေသည်ဟု ပြောကြားလိုက်သည်။ **(DVB 200111)** **Read More...**
- သျှမ်းအမျိုးသားများ ဒီမိုကရက်တစ်ပါတီ **SNDP** ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမဲဆန္ဒနယ် (၁) မှ အရွေးခံရသူ စိုင်းမွန်း (ခေါ်) စိုင်းကျော်ထွန်းသည် ရွေးကောက်ပွဲ ကာလတွင်း မဲရုံများ စနစ်တကျမရှိမှုနှင့် မဲမသမာမှုများရှိကြောင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ် ဒေါက်တာ စိုင်းခမ်းလှိုင်က တရားစွဲဆိုခဲ့ရာ အထောက်အထား ခိုင်လုံမှုမရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဆုံးဖြတ်ပေးလိုက်သည်။ **(Mizzima 210111)** **Read More...**

## မီဒီယာအခန်းကဏ္ဍ

- လွှတ်တော် အစည်းအဝေးသို့ နိုင်ငံခြားသတင်းထောက်များ တက်ရောက်သတင်းရယူခွင့်ပြုရန် ပြန်ကြားရေးဝန်ကြီး ဌာနသို့ ရန်ကုန်ရှိ မြန်မာနိုင်ငံနိုင်ငံခြားသတင်းထောက်များအသင်း **FCCM** မှ လျှောက်ထားမည်ဖြစ်ကြောင်း **AP** သတင်း ထောက် ဦးခင်မောင်ဝင်းက ပြောသည်။ **(Mizzima 180111)** **Read More...**

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ

- လွှန်ခဲ့သည့် နိုဝင်ဘာလက ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွှတ်မြောက်လာမှုကို အာစီယံအဖွဲ့က ကြိုဆိုကြောင်း ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ကျင်းပသည့် အာစီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီး အင်ဒိုနီးရှား နိုင်ငံခြား ရေးဝန်ကြီးက ပြောဆိုလိုက်သည်။ **(RFA 160111)** **Read More...**
- မြန်မာစစ်အစိုးရအပေါ် အမေရိကန် ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂ **(EU)** တို့က ပိတ်ဆို့ဒဏ်ခတ် အရေးယူမှုများ ချမှတ်ထားမှုကို ပြန်လည်ရုပ်သိမ်းပေးရန် အရှေ့တောင်အာရှ နိုင်ငံများအသင်း **(ASEAN)** က တိုက်တွန်းတောင်း ဆိုလိုက်သည်။ **(VOA 160111)** **Read More...**
- ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ ဦးစီး၍ ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့ ကုလသမဂ္ဂရုံးတွင် မြန်မာနိုင်ငံ လူ့အခွင့် အရေးအခြေအနေများ ပြန်လည်သုံးသပ်သည့် ဆွေးနွေးပွဲတစ်ရပ်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ညွန့်ပေါင်း အစိုးရ **NCGUB** ကိုယ်စားလှယ်ဒေါက်တာသောင်းထွန်းအပါအဝင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း **AAPP** မှ ဦးဘိုကြည်နှင့် တိုင်းရင်းသားအဖွဲ့များ တက်ရောက်ကြသည်။ **(DVB 180111)** **Read More...**

### (ခ) အစိုးရများ

- အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန် **(Hillary Clinton)** က မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဇန်နဝါရီ ၁၈ ရက်နေ့က တယ်လီဖုန်းဆက်ကာ မြန်မာနိုင်ငံတွင် စစ်မှန်သည့် ဒီမိုကရေစီ



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, simply open the document you want to convert, click "print", select the "Broadgun pdfMachine printer" and that's it! Get yours now!

ရရှိရေးအတွက် ဒေါ်အောင်ဆန်းစုကြည်၏ ကြိုးပမ်းအားထုတ်နေမှုကို အမေရိကန်နိုင်ငံက ထောက်ခံ အားပေး ကြောင်း ထပ်လောင်းပြောဆိုလိုက်သည်။ **(VOA 190111)** **Read More...**

- မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ဆို့မှုများ ဒဏ်ခတ်ထားမှုများကို ရုပ်သိမ်းပေးရေးအတွက် အာဆီယံနိုင်ငံများနှင့် ပြည်တွင်းမှ နိုင်ငံရေးပါတီများ၏ တောင်းဆိုသံများ ဆူဆူညံညံ ထွက်ပေါ်လာချိန်တွင် မြန်မာနိုင်ငံအပေါ် တားဆီးပိတ် ဆို့မှုများ လောလောဆယ် ရုပ်သိမ်းပေးရေး အစီအစဉ်မရှိကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရ ပုဂ္ဂိုလ် ပီဂျေခရော်လီ **(P.J Crowley)** က ပြောကြားလိုက်သည်။ **(VOA 210111)** **Read More...**

***End of report/ Saturday, January 22, 2011***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, simply open the document you want to convert, click “print”, select the “Broadgun pdfMachine printer” and that’s it! Get yours now!